# WHAT IS, AND WHY DO A KINGDOM BUSINESS?
# နိုင်ငံတော်စီးပွားရေးဆိုတာဘာလဲ၊ ဘာ့ကြောင့်လုပ်ရသလဲ-မှတ်စု

*Kingdom Business I နိုင်ငံတော်စီးပွားရေး ၁*

**ဗဟုသုတ သဘောထား လုပ်ဆောင်ချက်**

`ဤသင်ခန်းစာပြီးမြောက်ပြီးနောက် သင်တန်းတက်ရောက်သူတို့သည်
၁။ နိုင်ငံတော်လုပ်ငန်းကဘာလဲ ဆိုတာနားလည်သွားပြီး ခရစ်ယာန်စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်လာနိုင်လိမ့်မည်။
၂။ ခရစ်ယာန်စီးပွားရေးနှင့် ပြင်ပစီးပွားရေးများကို ခွဲခြားလာနိုင်လိမ့်မည်။
၃။ အဘယ်ကြောင့်ခရစ်ယာန်စီးပွားရေးလုပ်ငန်းကိုလုပ်ကိုင်သင့်ကြောင်း နားလည်လာလိမ့်မည်။

**သင်တန်းနည်းပြအတွက် မှတ်ချက်**

ဤသင်ခန်းစာသည် နိုင်ငံတော်စီးပွားရေးအကြောင်း သင်ခန်းစာတွဲမှ ပထမဆုံးသင်ခန်းစာဖြစ်သည်။

**သင်ထောက်ကူ**

*သင်ခန်းစာမစတင်မီ စုဆောင်းရန်ပစ္စည်းများ*

- ပိုစတာအရွယ်အစား စာရွက်၊ မာကာပဲန်၊ ကော်တိတ်
- မှတ်စုများ
  - *နိုင်ငံတော်စီးပွားရေးရည်ရွယ်ချက်များနှင့် လက္ခဏာရပ်များ*
  - *နိုင်ငံတော်စီးပွားရေးလုပ်ငန်းတစ်ခု၏အမှတ်အသား ၇ ခု*
- သရုပ်ဖော်ကစားခြင်း

**သင်ခန်းစာ** ၁ နာရီ

**အစပျိုးခြင်း** ( ၅မိနစ်)

လမ်းညွှန်ချက်များ-

က။ သရုပ်ဖော်ကစားခြင်း- စီးပွားရေးအကြောင်း ခရစ်ယာန် ၂ ယောက်ပြောဆိုနေခြင်း

လူ ၁ - မင်းစီးပွားရေးလုပ်တယ် ပြီးတော့ ခရစ်ယာန်တစ်ယောက်လည်းဖြစ်နေတယ်။ အဲဒါက မင်းရဲ့လုပ်ငန်းအပေါ် တမျိုးမျိုး ထိခိုက်မှုရှိစေလား။

လူ ၂- တက်နိုင်သမျှ ရိုးသားဖို့ကြိုးစားတယ်။ ဒါပေမဲ့ ဒီလိုနယ်ပယ်မှာ လွယ်တော့မလွယ်ဘူး။

လူ ၁- အင် ငါသိတယ်။ ခရစ်ယာန်တယောက်အနေနဲ့ လုပ်ငန်းကိုရှင်သန်၊ လည်ပတ်နိုင်အောင် မင်းဘယ်လိုလုပ်သလဲဆိုတာကိုငါမသိဘူး။

လူ ၂- ငါတို့တွေလုပ်သင့်တယ်လို့တောင် ငါမထင်မိဘူးကွာ။ ဒါ့အပြင် ခရစ်ယာန်ဖြစ်တော့ဘုရားကြောင်းသွားရသလို ငါအသက်ရှင်နေထိုင်နိုင်ဖို့ စီးပွားရေးလည်းလုပ်ရတာပေါ့။

လူ ၁- အဲဒါက နဲနဲတော့ရှုပ်ထွေးပေမဲ့ ငါတို့လုပ်ငန်းက ငါတို့ရဲ့ခရစ်ယာန်ဖြစ်ခြင်းကိုတော့ထင်ဟပ်စေဖို့လိုတယ်လို့တော့ ငါထင်တာပဲ။

လူ ၂- အဲဒါကို ဘယ်လိုလုပ်နိုင်သလဲ။

SHOWD မေးခွန်းများမေးခြင်း-

*၁။ သင်ဘာတွေ့**မြင်ခဲ့**ပါသလဲ။*
*၂။ ဘာ**ဖြစ်ပျက်**နေလဲ။*
*၃။ **ကျွန်ုပ်တို့နေရာတွင်**ဖြစ်ပျက်နေပါသလား။*
*၄။ **ဘာကြောင့်**ဖြစ်ရသနည်း။*
*၅။ ဘာ**လုပ်ဆောင်**ရမည်နည်း။*

---

**နိုင်ငံတော်စီးပွားရေး ( ၁၅ မိနစ်) Business Of The Kingdom** (15″)

လမ်းညွှန်ချက်များ- အဖွဲ့ကြီးအနေဖြင့်ဆွေးနွေးရန်

က။ အသေးစားလုပ်ငန်းတစ်ခုကို ဘယ်အရာဖြင့်ဖွဲ့စည်းထားသလဲ။
(၁) အသေးစားလုပ်ငန်းတစ်ခုမှာ အဖွဲ့အစည်းတစ်ခုလုပ်ဆောင်သည့်အရာဖြစ်သည်။
(၂) ကုန်သွယ်မှုတွင်ပါဝင်ဖို့ ပန်းတိုင်တစ်ခုရှိသည်
(၃) ကုန်ပစ္စည်းများ (သို့မဟုတ်) ဝန်ဆောင်မှုတစ်ခုပေးသည်။
(၄) ဝင်ငွေရစေသည်။

ခ။ နိုင်ငံတော်စီးပွားရေးဆိုတာဘာလဲ။
(၁) ဘုရားသခင်၏နိုင်ငံတော်နောက်လိုက်သည်။
(၂) ယေရှု၏စံနာမူနာအတိုင်း ကျင့်သုံးသည်။
(၃) ခမည်းတော်၏ဘုန်းတော်ကိုထင်ရှားစေဖို့ဖြစ်သည်။

ဂ။ နိုင်ငံတော်စီးပွားရေးကို ဘယ်အရာဖြင့်ဖွဲ့စည်းထားသနည်း။ *နိုင်ငံတော်စီးပွားရေး ရည်ရွယ်ချက်များနှင့် လက္ခဏာရပ်များ မှတ်စုကို* ပေးပါ။
(၁) လုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ဆောင်သည့်အဖွဲ့အစည်းတစ်ခု
(၂) အဖွဲ့အစည်းတွင် ယေရှုကို မိမိဘဝရဲ့အရှင်သခင်အဖြစ်ဝန်ခံသော အသစ်တဖန်မွေးဖွားခံရသူ ယုံကြည်သူများရှိသည်။
(၃) ဘုရားသခင်ကိုဗဟိုပြုသော စီးပွားရေးတစ်ခုဖြစ်ဖို့ ရည်ရွယ်ချက်ရှိသည်
(၄) ဘုရားဘုန်းတော်ကိုထင်ရှားစေသည်
(၅) လုပ်ငန်းရှင်တစ်ဦးတည်းကသာ ဤကဲ့သို့ဆက်ကပ်အပ်နှံမှုမျိုး ရှိနေသည်မဟုတ်ပါ။
(၆) သူတို့နှင့်ဆက်သွယ်ထာသူတို့ရဲ့ဘဝအသက်တာများရဲ့နယ်ပယ်အားလုံးကို ပြောင်းလဲစေသည်။

ဃ။ ဘုရားသခင်၏နိုင်ငံတော်ရဲ့ ကျောက်ထောင့်အုပ်မြစ်ကဘာလဲ။ ယောဟန် ၁၅း၁-၁၇ ကိုဖတ်ပါ။
(၁) ခရစ်တော်၌တည်ခြင်း
(၂) ဘုရားသခင်ကိုနာခံခြင်း
(၃) ကြီးထွားလာသည်နှင့်အမျှ ပျက်စီးသောအရာများကိုဖြတ်တောက်ရန် ကျွန်ုပ်တို့ကိုယ်ကိုယ် ခွင့်ပေးခြင်း။

---

**နိုင်ငံတော်စီးပွားရေးကဲ့သို့ လုပ်ငန်းလုပ်ဆောင်ခြင်း ( ၁၅ မိနစ်) Doing Business As A Kingdom Business**

လမ်းညွှန်ချက်များ- အဖွဲ့ငယ်များခွဲပြီး၊ ဆွေးနွေးပါ။

က။ စီးပွားရေးနှင့် ဘဏ္ဍာထိန်းလုပ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ယင်းကျမ်းချက်များတွင် ယေရှုမည်သို့ ဆိုလိုခဲ့သနည်း။

---

(၁) မဿဲ ၂၅း၁၄-၃၀   ကျွန်ုပ်တို့ရဲ့ ငွေခွက်များကိုအသုံးပြုခြင်း သို့မဟုတ် ဆုံးရှုံးခြင်း
(၂) လုကာ ၁၄း၂၈-၃၂   စီမံကိန်းဆွဲရန် အရေးပါပုံ
(၃) လုကာ ၁၂း၃၅-၃၈   ပြင်ဆင်မှုရှိပါ- လုပ်ငန်းကိုတိုင်းတာဖို့အတွက် စံနှုန်းများထားရှိခြင်း
(၄) လုကာ ၁၅း၁၁-၁၆   ညံ့ဖျင်းသောဘဏ္ဍာစိုးရဲ့ရလဒ်များကိုဖော်ပြခြင်း

ခ။ အကျိုးအမြတ်ဘယ်ကဝင်ပါသလဲ။
(၁) လုပ်ငန်းဆက်လုပ်ဖို့ အမြတ်လိုအပ်ပေမဲ့ ၎င်းသည် လုပ်ငန်းလုပ်ဆောင်ခြင်းရဲ့အဓိကအကြောင်းအရင်း မဖြစ်ရပါ။
(၂) အကျိုးအမြတ်မရရှိပါက၊ မှန်သောအရာကိုမှန်ကန်သောနည်းလမ်းဖြင့်လုပ်ဆောင်နေသလား မြင်တွေ့ဖို့လုပ်ငန်းကို သုံးသပ်ပါ။ ပြီးနောက် သင့်ဘဝအသက်တာတွင် အပြစ်ရှိနေသလား ကိုယ့်ကိုယ်ကို သုံးသပ်ပါ။
(၃) ဘုန်းကြီးခြင်းကို ဘုရားသခင်သာခံရမည်။
(၄) ကျွန်ုပ်တို့သည် လုပ်ငန်းကိုမှန်ကန်စွာ၊ဘုရားသခင့်ဘုန်းတော်အတွက် လုပ်ဆောင်ပါက၊ အမြတ်ရရမည်ဖြစ်သည်။
ဂ။ အဖွဲ့ကြီးကိုပြန်သွားပြီး ဝေငှပါ။

---

<u>**နိုင်ငံတော်စီးပွားရေးရည်ရွယ်ချက်များ( ၅ မိနစ်)**</u>
လမ်းညွှန်ချက်များ- မှတ်စုထဲတွင်ပါရှိသည့် နိုင်ငံတော်စီးပွားရေး ရည်ရွယ်ချက်များနှင့်လက္ခဏာရပ်များမှ ရည်ရွယ်ချက်အဆိုများကို ကြည့်ပါ။

က။ "ဝန်ထမ်းများ၊ ဝယ်သူများ၊ ရောင်းသူများ အစရှိသူတို့၏ တစ်ဦးချင်းရဲ့နှလုံးသားများကို ပြောင်းလဲစေခြင်းအားဖြင့် ကျွန်ုပ်တို့ရှိနေသည့် ဈေးကွက်နေရာများကိုပြောင်းလဲစေမည်။"
ခ။ ဤအချက်ကို သင့်လုပ်ငန်းတွင် မည်သို့အသုံးချနိုင်ကြောင်း စဉ်းစားရန် အချိန်တစ်ချို့ယူပါ။

---

<u>**နိုင်ငံတော်စီးပွားရေးအမှတ်သားများ (၁၅ မိနစ်) Markers of A Kingdom Business**</u> (15")
လမ်းညွှန်ချက်များ- ခရစ်ယာန်လုပ်ငန်းအမှတ်အသား ၇ ခု မှတ်စုကိုကြည့်ပါ။
နိုင်ငံတော်စီးပွားရေး၏အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ဆန္ဒရှိသူတစ်ဦးအားဖတ်ခိုင်းပါ၊ ပြီးနောက် အောက်ပါအချက်များကို အတူတကွအဖွဲ့ကြီးအနေဖြင့် စဉ်းစား၊ ဆွေးနွေးပါ။

<u>အဓိပ္ပါယ်ဖွင့်ဆိုချက်</u>- နိုင်ငံတော်စီးပွားရေးလုပ်ငန်းဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လမ်းညွှန်ပေးကာ၊ ဘုရားအလိုတော်နှင့်ညီသော ခေါင်းဆောင်တစ်ဦးအားဖြင့်စီမံကွက်ကဲထားသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဘုရားသခင်၏ရည်ရွယ်ချက်အတွက်လမ်းဖွင့်စေရန် သူတို့ပတ်လည်ရှိလူ့အဖွဲ့အစည်း၏ဝိညာဉ်ရေးရာ နှင့်/သို့မဟုတ် ခန္ဓာရေးရာလိုအပ်ချက်များကိုဖြည့်ဆည်းပေးရေးတွင် ၎င်းတို့ရဲ့အချိန်၊ အစွမ်းအစ၊ နှင့် ငွေကြေးများကို အသုံးပြုကြသည်။

**ဤအရာကဘာကိုဆိုလိုသနည်း။** *"နိုင်ငံတော်စီးပွားရေးလုပ်ငန်းဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လမ်းညွှန်ပေးကာ၊ ဘုရားအလိုတော်နှင့်ညီသော ခေါင်းဆောင်တစ်ဦးအားဖြင့်စီမံကွက်ကဲထားသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ် ....*
၁. ဖန်ဆင်းရှင်ထံမှခေါ်သံ

---

- ပြန်ပြောင်းဆင်ခြင်သုံးသပ်ခြင်း- ယခုစီးပွားရေးလုပ်ငန်းသည် ကျွန်ုပ်ဘဝအတွက် ဘုရားသခင့်ခေါ် ထားသည့်အရာနှင့်ကိုက်ညီကြောင်း သက်သေရရှိခဲ့ပါသလား။

၂။ ယေရှုနှင့်အတွင်းကျကျပုဂ္ဂိုလ်ရေးအရချိတ်ဆက်ထားခြင်း

- ပြန်ပြောင်းဆင်ခြင်သုံးသပ်ခြင်း- ကုမ္ပဏီရဲ့ခေါင်းဆောင်အနေဖြင့် ကျွန်ုပ်သည် လူများနှင့် ဘုရားသခင်အဖို့အလို့ငှာ ချစ်ခြင်းမေတ္တာထဲ၌ကြီးထွားလာပါသလား။

၃။ ဘုရားသခင်၏စရိုက်ထင်ဟပ်စေခြင်း

- ပြန်ပြောင်းဆင်ခြင်သုံးသပ်ခြင်း- ကုမ္ပဏီတစ်ခုအနေဖြင့်၊ ကျွန်ုပ်တို့၏စကားလုံးများနှင့် လုပ်ဆောင်ချက်များတွင် ဘုရားသခင်၏သန့်ရှင်းခြင်း၊ တရားမျှတခြင်း၊ နှင့် ချစ်ခြင်းတို့ကို အညီအမျှအလေးထားထင်ဟပ်စေပါသလား။

**ဤအရာကဘာကိုဆိုလိုသနည်း။** *၎င်းရဲ့အချိန်၊ အစွမ်းအစ၊ငွေကြေးကို အသုံးပြု...*

၄။ အသက်ရှင်သော-ပေးကမ်းသောယဉ်ကျေးမှု

- ပြန်ပြောင်းဆင်ခြင်သုံးသပ်ခြင်း- ကျွန်ုပ်ရဲ့ဝန်ထမ်းများသည် တန်ဖိုးထား၊ တာဝန်ခံ၊ လုပ်ပိုင်ခွင့်ပေးခံရခြင်းနှင့် သူတို့ရဲ့ခေါ်သံများနောက်နိုင်သည်ဟု ခံစားရပါသလား။

၅။ အရင်းအနှီးများကို ပညာရှိစွာထိန်းသိမ်းခြင်း

- ပြန်ပြောင်းဆင်ခြင်သုံးသပ်ခြင်း- ကျွန်ုပ်ကုမ္ပဏီသည် အရင်းအနှီးအားလုံးကို ဘုရားသခင်ပိုင်ဆိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုပြုကာ သုံးစွဲ၍ ပေးကမ်းနေပါသလား။

**ဤအရာကဘာကိုဆိုလိုသနည်း။** *ဘုရားသခင်၏ရည်ရွယ်ချက်အတွက်လမ်းဖွင့်စေရန် သူတို့ပတ်လည်ရှိလူ့အဖွဲ့ အစည်း၏ဝိညာဉ်ရေးရာ နှင့်/သို့မဟုတ် ခန္ဓာရေးရာလိုအပ်ချက်များကိုဖြည့်ဆည်းပေးရေး*

၆။ တိုင်းတာနိုင်သော အသီးအပွင့်များ

- ပြန်ပြောင်းဆင်ခြင်သုံးသပ်ခြင်း-  ဤကုမ္ပဏီတည်ရှိခြင်းကြောင့်
  ကမ္ဘာလောကကြီးကပိုကောင်းလာပါသလား။
  ကျွန်ုပ်တို့ရဲ့သက်ရောက်မှုကြီးထွားလာပါသလား။

၇။ တပည့်တော်ဖြစ်စေခြင်း

- ပြန်ပြောင်းဆင်ခြင်သုံးသပ်ခြင်း- ကျွန်ုပ်ကုမ္ပဏီသည် လူတို့ရဲ့ဝိညာဉ်ရေးရာခရီးလမ်းကို လျှောက်လှမ်းဖို့ ကူညီနေပါသလား။

---

**<u>နိဂုံးချုပ်နှင့် ယူဆောင်ရမည့်သင်ခန်းစာ (အချိန်)</u>**

လမ်းညွှန်ချက်များ- သင်ခန်းစာနှင့်ကိုက်ညီသော မေးခွန်းများကို အသုံးပြုပါ- မေးခွန်းများအမြဲတမ်းမလိုအပ်ပါ။

က။ ဤသင်ခန်းစာထဲမှ ဘာကိုရှာဖွေတွေ့ရှိခဲ့သနည်း။

ခ။ သင့်အသိုင်းအဝိုင်းနှင့်ပက်သက်၍ မည်သည့်အသစ်သောအရာများကို သင်ယူခဲ့ရသနည်း။

ဂ။ ၎င်းကိုမည်သူနှင့်ဝေမည်နည်း။

ဃ။ သင်ခန်းစာတွင်ရှာဖွေတွေ့ရှိချက်နှင့် သင်ဘာလုပ်မည်နည်း။

(၁) ဘယ်အချိန်

(၂) ဘာဖြစ်လာဖို့မျှော်လင့်သနည်း။

(၃) ဖြစ်ပျက်လာခဲ့လျှင် သင်မည်သို့သိလိမ့်မည်နည်း။

ဃ။ အတူတကွဆုတောင်းပါ။

---

**References:**

Mills, Courtney Rountree. "7 Markers For A Kingdom Business: A Framework For Entrepreneurs." *The BAM Review*, 15 Jul 2016, https://businessasmission.com/7-markers-kingdom-business/

## KINGDOM BUSINESS I: WHAT IS AND WHY DO A KINGDOM BUSINESS? – နိုင်ငံတော်စီးပွားရေး ၁- နိုင်ငံတော်စီးပွားရေးဆိုတာဘာလဲ၊ ဘာ့ကြောင့်လဲ-မှတ်စု အစပျိုးခြင်း

*သရုပ်ဖော်ကစားခြင်း*

**စီးပွားရေးအကြောင်း ခရစ်ယာန် ၂ ယောက်ပြောဆိုနေခြင်း**

**လူ ၁** - မင်းစီးပွားရေးလုပ်တယ် ပြီးတော့ ခရစ်ယာန်တစ်ယောက်လည်းဖြစ်နေတယ်။ အဲဒါက မင်းရဲ့လုပ်ငန်းအပေါ် တမျိုးမျိုး ထိခိုက်မှုရှိစေလား။
**လူ ၂**- တက်နိုင်သမျှ ရိုးသားဖို့ကြိုးစားတယ်။ ဒါပေမဲ့ ဒီလိုနယ်ပယ်မှာ လွယ်တော့မလွယ်ဘူး။

**လူ ၁**- အင် ငါသိတယ်။ ခရစ်ယာန်တယောက်အနေနဲ့ လုပ်ငန်းကိုရှင်သန်၊ လည်ပတ်နိုင်အောင် မင်းဘယ်လိုလုပ်သလဲဆိုတာကိုငါမသိဘူး။
**လူ ၂**- ငါတို့တွေလုပ်သင့်တယ်လို့တောင် ငါမထင်မိဘူးကွာ။ ဒါ့အပြင် ခရစ်ယာန်ဖြစ်တော့ဘုရားကျောင်းသွားရသလို ငါအသက်ရှင်နေထိုင်နိုင်ဖို့ စီးပွားရေးလည်းလုပ်ရတာပေါ့။
**လူ ၁**- အဲဒါက နဲနဲတော့ရှုပ်ထွေးပေမဲ့ ငါတို့လုပ်ငန်းက ငါတို့ရဲ့ခရစ်ယာန်ဖြစ်ခြင်းကိုတော့ထင်ဟပ်စေဖို့လိုတယ်လို့တော့ ငါထင်တာပဲ။
**လူ ၂**- အဲဒါကို ဘယ်လိုလုပ်နိုင်သလဲ။

---

**စီးပွားရေးအကြောင်း ခရစ်ယာန် ၂ ယောက်ပြောဆိုနေခြင်း**

**လူ ၁** - မင်းစီးပွားရေးလုပ်တယ် ပြီးတော့ ခရစ်ယာန်တစ်ယောက်လည်းဖြစ်နေတယ်။ အဲဒါက မင်းရဲ့လုပ်ငန်းအပေါ် တမျိုးမျိုး ထိခိုက်မှုရှိစေလား။
**လူ ၂**- တက်နိုင်သမျှ ရိုးသားဖို့ကြိုးစားတယ်။ ဒါပေမဲ့ ဒီလိုနယ်ပယ်မှာ လွယ်တော့မလွယ်ဘူး။

**လူ ၁**- အင် ငါသိတယ်။ ခရစ်ယာန်တယောက်အနေနဲ့ လုပ်ငန်းကိုရှင်သန်၊ လည်ပတ်နိုင်အောင် မင်းဘယ်လိုလုပ်သလဲဆိုတာကိုငါမသိဘူး။
**လူ ၂**- ငါတို့တွေလုပ်သင့်တယ်လို့တောင် ငါမထင်မိဘူးကွာ။ ဒါ့အပြင် ခရစ်ယာန်ဖြစ်တော့ဘုရားကျောင်းသွားရသလို ငါအသက်ရှင်နေထိုင်နိုင်ဖို့ စီးပွားရေးလည်းလုပ်ရတာပေါ့။

**လူ ၁**- အဲဒါက နဲနဲတော့ရှုပ်ထွေးပေမဲ့ ငါတို့လုပ်ငန်းက ငါတို့ရဲ့ခရစ်ယာန်ဖြစ်ခြင်းကိုတော့ထင်ဟပ်စေဖို့လိုတယ်လို့တော့ ငါထင်တာပဲ။

**လူ ၂**- အဲဒါကို ဘယ်လိုလုပ်နိုင်သလဲ။

## KINGDOM BUSINESS I: WHAT IS AND WHY DO A KINGDOM BUSINESS? – HANDOUT

## နိုင်ငံတော်စီးပွားရေး ၁- နိုင်ငံတော်စီးပွားရေးဆိုတာဘာလဲ၊ ဘာ့ကြောင့်လဲ-မှတ်စု

*နိုင်ငံတော်စီးပွားရေး ရည်ရွယ်ချက်များနှင့်လက္ခဏာရပ်များ*

***နိုင်ငံတော်စီးပွားရေးလက္ခဏာရပ်များ***

(၁) လုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ဆောင်သည့်အဖွဲ့အစည်းတစ်ခု
(၂) အဖွဲ့အစည်းတွင် ယေရှုကို မိမိဘဝရဲ့အရှင်သခင်အဖြစ်ဝန်ခံသော အသစ်တဖန်မွေးဖွားခံရသူ ယုံကြည်သူများရှိသည်။
(၃) ဘုရားသခင်ကိုဗဟိုပြုသော စီးပွားရေးတစ်ခုဖြစ်ဖို့ ရည်ရွယ်ချက်ရှိသည်
(၄) ဘုရားဘုန်းတော်ကိုထင်ရှားစေသည်
(၅) လုပ်ငန်းရှင်တစ်ဦးတည်းကသာ ဤကဲ့သို့ဆက်ကပ်အပ်နှံမှုမျိုး ရှိနေသည်မဟုတ်ပါ။
(၆) သူတို့နှင့်ဆက်သွယ်ထာသူတို့ရဲ့ဘဝအသက်တာများရဲ့နယ်ပယ်အားလုံးကို ပြောင်းလဲစေသည်။

**နိုင်ငံတော်စီးပွားရေးလုပ်ငန်း၏ရည်ရွယ်ချက်အချုပ်-** "ဝန်ထမ်းများ၊ ဝယ်သူများ၊ ရောင်းသူများ အစရှိသူတို့၏ တစ်ဦးချင်းရဲ့နှလုံးသားများကို ပြောင်းလဲစေခြင်းအားဖြင့် ကျွန်ုပ်တို့ရှိနေသည့် ဈေးကွက်နေရာများကိုပြောင်းလဲစေမည်။"

# KINGDOM BUSINESS I: WHAT IS AND WHY DO A KINGDOM BUSINESS? – HANDOUT

# နိုင်ငံတော်စီးပွားရေး ၁- နိုင်ငံတော်စီးပွားရေးဆိုတာဘာလဲ၊ ဘာ့ကြောင့်လဲ-မှတ်စု


*နိုင်ငံတော်စီးပွားရေးအမှတ်အသား (၇) ခု*

## နိုင်ငံတော်စီးပွားရေးအဓိပ္ပါယ်ဖွင့်ဆိုချက်  Definition Of A Kingdom Business

*နိုင်ငံတော်စီးပွားရေးလုပ်ငန်းဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လမ်းညွှန်ပေးကာ၊ ဘုရားအလိုတော်နှင့်ညီသော ခေါင်းဆောင်တစ်ဦးအားဖြင့်စီမံကွက်ကဲထားသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဘုရားသခင်၏ရည်ရွယ်ချက်အတွက်လမ်းဖွင့်စေရန် သူတို့ပတ်လည်ရှိလူ့အဖွဲ့ အစည်း၏ဝိညာဉ်ရေးရာ နှင့်/သို့မဟုတ် ခန္ဓာရေးရာလိုအပ်ချက်များကိုဖြည့်ဆည်းပေးရေးတွင် ၎င်းတို့ရဲ့ အချိန်၊ အစွမ်းအစ၊ နှင့် ငွေကြေးများကို အသုံးပြုကြသည်။*

*နိုင်ငံတော်စီးပွားရေးအမှတ်အသား (၇) ခု*

၁. ဖန်းဆင်ရှင်ထံမှခေါ်သံ
၂။ ယေရှုနှင့်အတွင်းကျကျ၊ပုဂ္ဂိုလ်ရေးအရချိတ်ဆက်ထားခြင်း
၃။ ဘုရားသခင်၏စရိုတ်ထင်ဟပ်စေခြင်း
၄။ အသက်ရှင်သော-ပေးကမ်းသောယဉ်ကျေးမှု
၅။ အရင်းအနှီးများကို ပညာရှိစွာထိန်သိမ်းခြင်း
၆။ တိုင်းတာနိုင်သော အသီးအပွင့်များ
၇။ တပည့်တော်ဖြစ်စေခြင်း




Source: Mills, Courtney Rountree. "7 Markers For A Kingdom Business: A Framework For Entrepreneurs." *The BAM Review*, 15 Jul 2016, https://businessasmission.com/7-markers-kingdom-business/